ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

ရုံးအမှတ်(၃၂-D)၊ နေပြည်တော်

## မော်တော်ယာဉ်အပိုပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါ စည်းမျဉ်းစည်းကမ်းများ

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ မော်တော်ယာဉ် အပိုပစ္စည်းများကို သတ်မှတ်ထားရှိသည့်အတိုင်းအိတ်ဖွင့် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် | အသုံးပြုမည့်ယာဉ်များ | မှတ်ချက် |
|---|---|---|---|---|---|
| က | Shock Absorber(F) | | | | Lot-1 |
| | ၁ | Belstein, Germany | ၂ | Mercedes S-350 SaLoon (2013) | |
| | ၂ | Belstein, Germany | ၂ | Mercedes S-350 SaLoon (2006-2009) | |
| ခ | Shock Absorber(R) | | | | |
| | ၁ | Belstein, Germany | ၂ | Mercedes S-350 SaLoon (2013) | |
| | ၂ | Belstein, Germany | ၂ | Mercedes S-350 SaLoon(2006-2009) | |
| ဂ | Tyres | | | | Lot-2 |
| | ၁ | 6.50R16 | ၈ | Toyota Coaster | |
| | ၂ | 7.00R16 | ၇၆ | Hyundia County | |
| | ၃ | 8.25R16 | ၂၀ | Dong Feng, Lifan Tipper Truck, , Nissan Crane Truck | |
| | ၄ | 215/60R17 | ၁၁၈ | Hyundai Micro Bus | |
| | ၅ | 285/65R17 (Yokohama) | ၃၂ | Toyota Landcruiser | |
| | ၆ | 285/50R18 (Yokohama) | ၁၆ | Toyota Landcruiser | |
| | ၇ | 245/70R19.5 | ၁၀ | Nissan Cargo Truck | |
| | ၈ | 265/70R19.5 | ၁၀ | Hino Cargo Truck | |
| | ၉ | 9.00R20 | ၁၀ | Fuso Bus | |
| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် | အသုံးပြုမည့်ယာဉ်များ | မှတ်ချက် |
| | ၁၀ | 11.00R20 | ၁၀ | Fuso Bus | Lot-2 |

| | | | | | |
|---|---|---|---|---|---|
| | ၁၁ | 285/50R20(Yokohama) | ၈ | Toyota Landcruiser | |
| | ၁၂ | 265/70R22.5 | ၁၀ | Nissan Cargo Truck | |
| | ၁၃ | 11R22.5 | ၄၀ | Hyundai Bus | |
| ဃ | **Tyres** | | | | Lot-3 |
| | ၁ | 205/65R15 | ၃၆ | Toyota Hiace Commuter | |
| | ၂ | 215/70R15 | ၈ | Toyota Hiace | |
| | ၃ | 205/65R16 | ၄၀ | Toyota Alphard | |
| | ၄ | 215/60R16 | ၆၆ | Toyota Lexus S/L | |
| | ၅ | 275/70R16 | ၄ | Toyota Lexus W/G | |
| | ၆ | 215/50R17 | ၁၂၈ | Roewe S/L | |
| | ၇ | 215/55R17 | ၂၂၈ | Audi A-6 S/L | |
| | ၈ | 245/45R17 | ၄ | Mercedes E300L S/L | |
| | ၉ | 265/65R17 | ၅၀ | Toyota Hilux Vigo P/Up | |
| | ၁၀ | 235/50R18 | ၂၄ | Toyota Lexus S/L | |
| | ၁၁ | 245/45R19 | ၂၈ | Toyota Lexus S/L | |
| င | **Battery** | | | | Lot-4 |
| | ၁ | 12 V 150 Ah | ၄၀ | Hyundai Bus, Nissan Cargo Truck, Nissan Crane Truck | |
| | ၂ | 12 V 70 Ah | ၈၀ | Dong Feng, Lifan Tipper Truck, Crown/ Landcruiser | |

၂။ အဆိုပြုလွှာများတင်သွင်းသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များအပေါ် သေချာစွာဖတ်ရှုပြီးသိရှိနားလည်၍ လိုက်နာဆောင်ရွက်နိုင်မှသာ အဆိုပြုလွှာများတင်သွင်းကြရန် ဖြစ်ပါသည်-

(က) ဌာနမှ သတ်မှတ်ထားသည့် ပုံစံများတွင်သာနှုန်းထားများကို စနစ်တကျရေးသွင်း၍ အဆိုပြုတင်ပြရပါမည်။ (နှုန်းထားများ ဖြည့်သွင်းအဆိုပြုရာတွင် လိုက်နာရမည့် အသေးစိတ် အချက်အလက်များကို ဈေးနှုန်းယှဉ်ပြိုင်လွှာ ပုံစံတွင် ပူးတွဲဖော်ပြ ထားပါသည်။)

(ခ) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည်/ ဆိုင်အမည် (ကုမ္ပဏီ မှတ်ပုံတင်/ စည်ပင် လုပ်ငန်း လိုင်စင်မှတ်ပုံတင်ရှိ)၊ ပိုင်ရှင်/MD အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ပြည့်စုံစွာဖော်ပြရမည်။

(ဂ) ပေးသွင်းမည့် ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification) များကို ဈေးနှုန်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှသတ်မှတ်သည့် (Specification) နှင့် တင်သွင်းသည့် ပစ္စည်းသည် ကွဲလွဲမှုမရှိစေရ၊ **(မိမိတင်သွင်းမည့် ပစ္စည်း၏ ဓာတ်ပုံ မိတ္တူပါ တင်သွင်းရန်)။**

(ဃ) Lot (၁)ခု လျှင် ဈေးနှုန်းလွှာ တစ်စောင်စီ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်း တည်မြဲမှု ကာလသည် တင်ဒါ လျှောက်လွှာတင်သွင်းချိန်မှ (၃)လအတွင်း တည်မြဲမှု ရှိရမည်။

(င) စိစစ်ရာတွင် လွယ်ကူအဆင်ပြေစေရန် တင်ဒါပေးသွင်းသော ပစ္စည်းတစ်မျိုးချင်း အလိုက် ဈေးနှုန်းပေးသွင်းရန်နှင့် Price, Delivery, Validity, Payment, Brand, Warranty, Country of Origin တို့ကိုပြည့်စုံစွာဖော်ပြရမည်။

(စ) အဆိုပြုဈေးနှုန်းများသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ တင်ဒါတန်ဖိုးတွင် ပစ္စည်းတန်ဖိုးနှင့် ကျသင့်ကုန်သွယ် လုပ်ငန်းခွန် ၅% ကိုထပ်ပေါင်းခြင်း နည်းလမ်း (သို့မဟုတ်) ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဖြစ်သော ဈေးနှုန်းများ ဖြစ်ရမည်။

(ဆ) အိတ်ဖွင့်တင်ဒါပေးသွင်းသူများသည် ဈေးပြိုင်အာမခံစပေါ်ငွေ (Tender Deposit Guarantee) Lot(1) အတွက် ကျပ်၁၆၀,၀၀၀/-(ကျပ်တစ်သိန်းခြောက်သောင်းတိတိ)၊ Lot (2) အတွက် ကျပ် ၆၀၀,၀၀၀/- (ကျပ်ခြောက်သိန်းတိတိ)၊ Lot (3) အတွက် ကျပ် ၇၀၀,၀၀၀/- (ကျပ်ခုနစ်သိန်းတိတိ) နှင့် Lot (4) အတွက် ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို Payment Order Cheque (P.O Cheque)ဖြင့် တင်သွင်းရမည် ဖြစ်သည်။ ၎င်း P.O Cheque များကို မြန်မာ့စီးပွားရေးဘဏ်ခွဲ-၄ (ရန်ကုန်)၊ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂ (မန္တလေး)တို့တွင် ဝယ်ယူ၍ ဈေးနှုန်းတင်သွင်းနိုင်ပါသည်။

(ဇ) P.O Cheque ကို ကုမ္ပဏီအမည်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူ/ တာဝန်ပေးခံရသူ၏ အမည်၊ မှတ်ပုံတင်အမှတ်ဖြင့်ပြုလုပ်ရမည်။ P.O Chequeမူရင်းများကို ဈေးနှုန်း တင်သွင်းလွှာနှင့်အတူ တစ်ပါတည်းတင်သွင်းရမည်ဖြစ်ပြီး P.O Cheque မိတ္တူကို လုံးဝလက်ခံမည် မဟုတ်ပါ။

(ဈ) သက်တမ်းရှိသည့် ကုမ္ပဏီမှတ်ပုံတင် (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ ပူးတွဲ ဖော်ပြရမည်။

(ည) ဈေးပြိုင် အဆိုပြုလွှာပုံစံတွင် မူလစာကြောင်းများအကြား အပိုစာရေးသွင်းခြင်း၊ ပုံနှိပ်ခြင်း၊ ဖျက်ပြင်ခြင်းမရှိရ။ ရေးသွင်းခြင်း မှားယွင်း၍ လိုအပ်သော အမှား ပြင်ဆင်ခြင်းမှအပ အပိုစာသားများမပါရှိရ။ ပြင်ဆင်မှုပါရှိခဲ့လျှင် ဈေးပြိုင် တင်သွင်းသူ/ တာဝန်ရှိသူမှ လက်မှတ်တို ရေးထိုးပေးရမည်။

(ဠ) ဆက်သွယ်ဆောင်ရွက်နိုင်မည့် လိပ်စာ/ E-mail လိပ်စာ/ ဖုန်းနံပါတ်/ ဖက်(စ်) နံပါတ် အပြည့်အစုံတို့အားတင်ဒါပုံစံတွင် ဖော်ပြရမည်။

(ဎ) တင်ဒါကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ်ရန်ရှိပါကကုမ္ပဏီမှ တင်ပြထားသည့် လိပ်စာ/ ဖုန်းနံပါတ်အတိုင်း အချိန်မီဆက်သွယ်အကြောင်းကြားမည် ဖြစ်ပြီး ဆက်သွယ်မှု မသေချာသည့် လိပ်စာ/ ဖုန်းနံပါတ်တို့ကြောင့် ဆက်သွယ်နိုင်ခြင်း မရှိပါက ကုမ္ပဏီ၏ တာဝန်ဖြစ်ပါသည်။

(ဍ) တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့် နေ့ရက်ကိုသတင်းစာတွင် ကြော်ငြာထည့်သွင်းထားသည့် အချိန်အတိုင်း ကျင်းပသွားမည်ဖြစ်ပြီး အများရှေ့မှောက်၌ပင် အဆိုပြုလွှာ စာအိတ်များကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းစေမည် ဖြစ်ပါသည်။

(ဎ) တင်ဒါစိစစ်ရေးကော်မတီမှ ဈေးပြိုင်အဆိုပြုလွှာ ဖွင့်ဖောက်၍ ဈေးနှုန်းစိစစ်သည့် အစည်းအဝေးခန်းမသို့ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ကုမ္ပဏီမှ စေလွှတ်သော ကိုယ်စား(၁)ဦးကိုသာဝင်ခွင့်ပြုပါမည်၊ (ကုမ္ပဏီမှတရားဝင်တင်ပြစာ ပေးပို့ထားသည့် ကိုယ်စားလှယ်ဖြစ်ရမည့်အပြင် ၎င်းကိုယ်စားလှယ်မှ ဈေးနှုန်း ယှဉ်ပြိုင်ခြင်း လုပ်ငန်းစဉ် ပြီးဆုံးသည်ထိ တက်ရောက် နိုင်ရပါမည်။

(ဏ) ဈေးနှုန်းအဆိုပြုလွှာများ ဖွင့်ဖောက်စိစစ်ချိန်တွင် တင်ဒါစိစစ်ရေးကော်မတီဝင်များ အနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပါ ရေးသွင်းချက်များအပေါ် မရှင်းလင်းသည့် အချက်များကိုသာ မေးမြန်းမည်ဖြစ်ပြီး နှုန်းထားပြန်လည် ပြင်ဆင်ခြင်းကိုလက်ခံမည် မဟုတ်ပါ။

(တ) ဈေးနှုန်းစိစစ်ခြင်းကို အောက်ပါအတိုင်းအဆင့်ဆင့် ဆောင်ရွက်မည် ဖြစ်ပါသည်-

(၁) ပစ္စည်းအမျိုးအစားအလိုက် အဆိုပြုနှုန်းထားများကို Computer တွင် ဖြည့်သွင်း၍ Projector ဖြင့် ပြသပြီးနိမ့်မြင့်စဉ် ဇယားရေးဆွဲပါမည်။

(၂) နိမ့်မြင့်စဉ် ဇယားအရအနည်းဆုံးအဆိုပြုနှုန်းထားသည် ဈေးနှုန်းစိစစ်ရေး ကော်မတီမှမူလတွက်ချက်ထားသည့် အခြေခံနှုန်းထား(ကြမ်းခင်းဈေးနှုန်း) နှင့် လျော်ညီမှုရှိ/မရှိနှိုင်းယှဉ် စိစစ်ပါမည်။

(၃) လျော်ညီမှုရှိပါကအဆိုပါ အနည်းဆုံးအဆိုပြုနှုန်းထားကို ရွေးချယ်သည့် နှုန်းထားအဖြစ် မှတ်တမ်းတင်ပြီး ပစ္စည်းအမျိုးအစားအလိုက် အသေးစိတ် အချက်အလက်များ (Specification) ကိုက်ညီမှုရှိ/မရှိ စိစစ်၍ ရွေးချယ်သွားပါမည်။

(၄) ဌာန၏ မူလတွက်ချက်ထားသည့် အခြေခံနှုန်းထား (ကြမ်းခင်းဈေးနှုန်း) သတ်မှတ်ချက် မကိုက်သည့် အခြေအနေမျိုး ဖြစ်ပေါ်လာပါက ထိုသို့

ကြုံတွေ့ နေရသည့် လုပ်ငန်းအမျိုးအစားအတွက် ရွေးချယ်ခြင်းမပြုတော့ဘဲလုပ်ငန်းစဉ်အသစ်အဖြစ် တင်ဒါအသစ် ပြန်လည် ခေါ်ယူပါမည်။

(ထ) ဈေးနှုန်းမအောင်မြင်သော ကုမ္ပဏီများမှ ပေးသွင်းထားသော ဈေးပြိုင် အာမခံစပေါ်ငွေများကို ထုတ်ယူရာတွင် P.O Chequeတင်သွင်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကဒ် မူရင်းနှင့် မိတ္တူ (၁)စောင် ပူးတွဲတင်ပြ၍ ပြန်လည် ထုတ်ပေးရန် လျှောက်ထားရမည်။ သတ်မှတ်ချက်နှင့် မပြည့်စုံသည့် ငွေတောင်းခံ လျှောက်လွှာများကိုလက်ခံထုတ်ပေးမည် မဟုတ်ပါ။

(ဒ) တင်ဒါမအောင်မြင်သူများသည် ဈေးပြိုင် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါပွဲပြီးဆုံးသည့်နေ့ နောက်တစ်နေ့မှ စတင်ပြီး (၃)ရက်အတွင်းအပြီး ထုတ်ယူရမည်။ ထုတ်ယူနိုင်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

(ဓ) တင်ဒါအောင်မြင်သူများသည် လုပ်ငန်းပြီးမြောက်မှုအာမခံ(Performance Guarantee) ပေးသွင်းပြီးမှသာဈေးပြိုင်အာမခံစပေါ်ငွေကိုပြန်လည် ထုတ်ပေးမည် ဖြစ်ပါသည်။

(န) အနည်းဆုံးနှုန်းထားအဆိုပြု၍ ပဏာမရွေးချယ်ခြင်းခံရသောကုမ္ပဏီ/အဖွဲ့အစည်းအနေဖြင့် တင်သွင်းလိုခြင်းမရှိတော့၍ နှုတ်ထွက်မည်ဆိုပါက ယှဉ်ပြိုင်သည့်အဖွဲ့အစည်း အားလုံးစုံညီချိန် ဈေးနှုန်းယှဉ်ပြိုင်မှုမပြီးဆုံးမီ အများရှေ့တွင် ကြေညာ၍ နှုတ်ထွက်နိုင်ပြီးထိုသို့ နှုတ်ထွက်ခြင်းအတွက် ဌာနသို့ အပ်နှံထားသည့် Tender Deposit Guarantee (P.O Cheque) သိမ်းယူခြင်းခံရပါမည်။ ဈေးနှုန်းယှဉ်ပြိုင်မှုပြီးမြောက်၍ စာချုပ်ချုပ်ဆိုချိန် ရောက်ရှိမှ နှုတ်ထွက်မည်ဆိုပါက Tender Deposit Guarantee သိမ်းယူခြင်းခံရမည့်အပြင် အမည်ပျက် စာရင်း (Black List) ကြေညာခြင်းခံရမည် ဖြစ်ပါသည်။

(ပ) တင်ဒါအောင်မြင်သူသည် စာချုပ်ချုပ်ဆိုသည့်အခါ အောင်မြင်တင်ဒါတန်ဖိုး၏ ၁၀% ကို မြန်မာ့စီးပွားရေးဘဏ်တွင် လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) တင်သွင်းရမည်ဖြစ်ပြီး ပစ္စည်းအပြည့်အဝ ပေးသွင်းပြီးပါက ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ပါ စည်းကမ်းအတိုင်း ပေးသွင်းရန် ပျက်ကွက်ပါက ၎င်း Performance Guarantee ကို နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

(ဖ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် တည်ဆဲဥပဒေ စည်းမျဉ်းများနှင့် အညီဝယ်ယူမည့် ပစ္စည်းအတွက် သတ်မှတ်ထားသောအခွန် (Withholding Tax) ကိုနိုင်ငံတော်သို့ ပေးဆောင်ရမည်။ အခါအားလျော်စွာပြောင်းလဲမှုရှိပါက ပြောင်းလဲမှုအတိုင်း ပေးသွင်းရမည် ဖြစ်ပါသည်။

(ဗ) တင်ဒါခေါ်ယူသော ပစ္စည်းများကို အရေအတွက် လျော့၍ ဖြစ်စေ၊ တိုး၍ ဖြစ်စေ ဝယ်ယူခြင်းကိုလက်ခံရမည်။

(ဘ) တင်ဒါအောင်မြင်သည့် တန်ဖိုးအတွက် တင်ဒါကော်မတီမှ ထပ်မံဈေးဆစ်မည် မဟုတ်ပါ။

(မ) တင်ဒါအောင်မြင်သူကို အတည်ပြုရွေးချယ်ကြောင်း အကြောင်းကြားပြီးသည့် နေ့မှစ၍ ပစ္စည်းပေးသွင်းရေးအတွက် (၁)ပတ်အတွင်း စာချုပ်ချုပ်ဆို သွားမည်ဖြစ်ပြီး ပစ္စည်းကို (၃)လအတွင်း အပြီးအပြတ်ပေးသွင်းရမည်ဖြစ်ပါသည်။

(ယ) ပစ္စည်းများကို လုပ်ငန်းလိုအပ်ချက်အရ အပြည့်အဝပေးသွင်းပြီးမှသာ ကျသင့်ငွေ ပေးချေရန် နှစ်ဦးနှစ်ဖက်သဘောတူညီရမည်။ ကျသင့်ငွေပေးချေရာတွင် သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးတွင်ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင် ပြီးကြောင်း အထောက်အထားတင်ပြမှ ပေးချေပါမည်။

(ရ) ပေးသွင်းသည့် ပစ္စည်းများသည် အာမခံထားသည့် Warranty ကာလအတွင်း ပျက်စီးမှုရှိပါက တာဝန်ယူ ဆောင်ရွက် ပေးရမည်။

(လ) ပေးသွင်းပစ္စည်းများအား နည်းပညာစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးလက်ခံမည်ဖြစ်ပြီး ကွဲလွဲမှုများရှိပါကလက်ခံမည် မဟုတ်ပါ။

(ဝ) ဌာနမှ သတ်မှတ်ထားသည့် Specification များနှင့် ကိုက်ညီ၍ အဓိက လိုလားချက်နှင့် ပြည့်စုံပြီးဈေးနှုန်း အနည်းဆုံးဖြင့် တင်သွင်းသော စာချုပ် ချုပ်နိုင်ရန် အရည်အချင်းပြည့်စုံသည့် ကုမ္ပဏီကိုသာ လုပ်ငန်း အပ်နှံ စာချုပ် ချုပ်ဆိုမည် ဖြစ်ပါသည်။

(သ) စာချုပ်ချုပ်ဆိုရာတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/ အဖွဲ့အစည်းသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသော တံဆိပ်ခေါင်းတန်ဘိုးကို ကျခံရမည် ဖြစ်ပါသည်။

(ဟ) အထက်ဖော်ပြပါ အချက်အလက်များတွင် သီးခြားဖော်ပြမထားသော ကိစ္စရပ်များနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါကဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

ဇဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

?

**ဈေးပြိုင်အာမခံစပေါ်ငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာပုံစံ**

သို့

ပစ္စည်းဝယ်ယူရေးအဖွဲ့

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ရက်

အကြောင်းအရာ။ **ဈေးပြိုင်အာမခံစပေါ်ငွေ (Tender Deposit Guarantee) ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားခြင်း**

၁။ လူကြီးမင်း၌ာနမှ တင်ဒါခေါ်ယူသော ………………………………………………
…………………………………………………………………………………………………...ပေး
သွင်းခြင်းအတွက် တင်ဒါဈေးနှုန်းယှဉ်ပြိုင်ရာတွင် **လုပ်ငန်းမရရှိပါ၍/ လုပ်ငန်းရရှိပါ၍** ပေးသွင်း
ထားသော ဈေးပြိုင်အာမခံစပေါ်ငွေကျပ် /-(ကျပ်)P.O Chequeနံပါတ်
…………………………......... အားပြန်လည်ထုတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဈေးပြိုင်အာမခံစပေါ်ငွေပေးသွင်းခဲ့သော ( ) နေ့စွဲပါ P.O Chequeအမှတ်
…………… (မိတ္တူ)အားပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

| | |
|---|---|
| လက်မှတ် | -------------------------- |
| ပေးသွင်းသူအမည် | -------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | -------------------------- |
| ဖုန်းနံပါတ် | -------------------------- |
| နေရပ်လိပ်စာ | -------------------------- |